Message Nine
# တလည်းသီးများ၏ မြေ

ဖတ်ရန်ကျမ်း။ ။ တရား၊၈း၈။ ထွ၊၂၈း၃၃-၃၄။ ၁ဘုရင်၊၇း၁၈-၂၀။ သီ၊၄း၃၊ ၁၃က။ ၂ပေ၊၁း၃-၈

## I. သမ္မာကျမ်းစာ၌ တလည်းသီးများသည် အသက်၏ပြည့်ဝပြည့်စုံခြင်း၊ အသက်၏ ပေါများကြွယ်ဝခြင်းနှင့် လှပခြင်း၊ အသက်၏ ကြွယ်ဝခြင်းများ ထင်ရှားခြင်းကို ပုံဆောင်သည် - တရား၊၈း၈။ ထွ၊၂၈း၃၃-၃၄။ ၁ဘုရင်၊၇း၁၈-၂၀။ သီ၊၄း၃၊ ၁၃က။

A. ရင့်မှည့်သောတလည်းသီးနှင့် ၎င်း၏မျိုးစေ့များက အသက်၏ ပြည့်ဝပြည့်စုံခြင်းနှင့် အသက်၏ ပေါများကြွယ်ဝခြင်းနှင့် လှပခြင်းကို အလေးထားဖော်ပြထားသည်။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဂျုံစပါး၊ မုယောစပါး၊ စပျစ်နွယ်ပင်နှင့် သင်္ဘောသဖန်းပင်အဖြစ် တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိမည်ဆိုလျှင်၊ ခရစ်တော်၏အသက် ပေါများကြွယ်ဝခြင်းသည် ကျွန်ုပ်တို့နှင့်အတူရှိကာ၊ ခရစ်တော်၏ လှပခြင်းသည် ကျွန်ုပ်တို့အကြောင်း ဖြစ်လာလိမ့်မည်။ ဤသည်မှာ ခရစ်တော်ကို တလည်းသီးအဖြစ် တွေ့ကြုံခံစားခြင်း ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်းသို့တိုင် အသက်၌ကြီးထွားခြင်း ရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် တလည်းသီးများ ဖြစ်လာကြလိမ့်မည်ဖြစ်သည် - ကော၊၂း၁၉။ ၁း၂၈။

1. ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့ချစ်ခြင်းဖြင့် သခင်ယေရှုအားဖြင့် အုပ်စိုးခြင်းနှင့် ကန့်သတ်ခြင်းခံရန် လိုလားဆန္ဒရှိကြလေလေ၊ ကျွန်ုပ်တို့ အသက်၌ ကြီးထွားခြင်းရှိလေလေ ဖြစ်လိမ့်မည် - အငယ်၊၁၃၊ ၂၈။

2. ကျွန်ုပ်တို့သည် ခရစ်တော်၏ အရာအားလုံးပါဝင်ခြင်းနှင့် ကျယ်ပြန့်ခြင်း၏ ရူပါရုံကို မြင်မည်ဆိုလျှင် ကျွန်ုပ်တို့ဖြစ်ခြင်း တစ်ခုလုံးကို ဤခရစ်တော်အပေါ် အာရုံစိုက်မည်ဖြစ်ကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဖြည့်ပေးခြင်းနှင့် ပျော်ဝင်ပြည့်ဝခြင်း ရှိမည်ဖြစ်သည် - အငယ်၊၁၂။ ၂း၉၊ ၁၆-၁၇။ ၃း၁၀-၁၁။

   a. ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ကြီးမားလှသော၊ စစ်၍မကုန်နိုင်အောင် ကြွယ်ဝသော၊ ကျယ်ပြန့်လှသော ခရစ်တော်ဖြင့် သိမ်းပိုက်လွှမ်းမိုးခံရလိမ့်မည်ဖြစ်သည် - ဧ၊၃း၁၈။

   b. ကျွန်ုပ်တို့အဖို့ အသက်ရှင်သည့်အရာမှာ ကျွန်ုပ်တို့ကို ပိုင်ဆိုင်သောသူ၊ ကျွန်ုပ်တို့ကို မိမိကိုယ်တော်တိုင်ဖြင့် ဖြည့်ပေး၍ သိမ်းပိုက်လွှမ်းမိုးသောသူ ခရစ်တော် ဖြစ်လိမ့်မည်ဖြစ်သည် - ဖိ၊၁း၂၀-၂၁က။ ဧ၊၃း၁၇က။

3. ခရစ်တော်၌ အပြည့်အဝ ကြီးထွားခြင်းမှာ ခရစ်တော်ဖြင့် ပြည့်ဝခြင်း၊ ပျော်ဝင်နစ်မြုပ်ခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်းပင် ဖြစ်သည် - ကော၊၁း၂၈။

   a. ဤသည်မှာ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်းတိုင်းကို ခရစ်တော်ဖြင့် သိမ်းပိုက်လွှမ်းမိုးစေခြင်း ဖြစ်သည် - ဧ၊ ၃း၁၇က။ ဂလ၊၄း၁၉။

b. ဤအရာသည် အသက်၌ကြီးထွားခြင်းနှင့် အသက်၌ ရင့်ကျက်လာခြင်းဖြစ်ကာ၊ ယင်းသည် ကောလောသဲစာစောင်တွင် ဖွင့်ပြထားသည့် ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၏ ရလဒ်ဖြစ်သည် - ၂း၉၊ ၁၉။ ၃း၄၊ ၁၀-၁၁။

## II. တလည်းသီးများနှင့် ရွှေဆည်းလည်းများမှာ ယဇ်ပုရောဟိတ်မင်း၏ ဝတ်ရုံအောက်စွန်းနား ပတ်လည်တွင် ရှိကာ၊ ယင်းသည် အသင်းတော်ကို ပုံဆောင်ခြင်း ဖြစ်သည် - ထွ၊၂၈း၃၃-၃၄။

A. အသင်းတော်သည် သူမ၏လူသားဇာတိ၌ အသက်နှင့်ပြည့်ဝခြင်း ရှိသင့်ပါသည်။ ဤသည်မှာ တလည်းသီးများကို ချည်ဖြင့် လုပ်ထားခြင်း၏ ပုံဆောင်ချက်ဖြစ်သည်။

B. အသင်းတော်သည် လူသားဇာတိ ရှိခြင်းမှာ အသက်၏ ပြည့်ဝပြည့်စုံခြင်းကို ထင်ရှားခြင်းအတွက်ဖြစ်ပြီး၊ ဘုရားဇာတိလည်း ရှိခြင်းမှာ ရွှေဆည်းလည်းများ အသံမြည်ခြင်းအတွက် ဖြစ်သည်။

1. အသက်၏ပြည့်ဝပြည့်စုံခြင်းသည် အသင်းတော်၏ လူသားဇာတိ၌ ထင်ရှားသည်၊ သို့သော် သတိပေးသည့်အသံသည် အသင်းတော်၏ ဘုရားဇာတိ (ရွှေဆည်းလည်းများ) ၌ ထင်ရှားသည်။
2. ကျွန်ုပ်တို့သည် ရှေ့ဦးစွာ အသက်၏ပြည့်ဝပြည့်စုံခြင်းကို ထင်ရှားပြီး၊ ထိုနောက် ရွှေဆည်းလည်းများ၏ မြည်သံ၊ ယင်းမှာ အသင်းတော်၏ ဘုရားဇာတိမှ စကားပြောခြင်း ရှိသည်။
3. အသက်၏လှုပခြင်းသည် ကျွန်ုပ်တို့၏ လူသားဇာတိ၌ ထင်ရှားပြီး၊ ရွှေဆည်းလည်းများမှ ဘုရားဆိုင်ရာမြည်သံမှာ သင့်လျော်မှန်ကန်သည့် အသင်းတော်အသက်တာ၏ အမှတ်လက္ခဏာများ ဖြစ်သည်။

## III. ဗိမာန်တော်ရှိ တိုင်များ၏ထိပ်၌ ထိပ်အုပ်များပတ်လည်မှ တလည်းသီးနှစ်ရာမှာ အသက်၏ကြွယ်ဝခြင်းများ ထင်ရှားခြင်းကို ပုံဆောင်သည် - ၁ဘုရင်၊၇း၁၈-၂၀။ ၂ရာ၊၃း၁၅-၁၆။ ယေ၊၅၂း၂၂-၂၃။

A. မိမိတို့ကိုယ်ကို စီရင်သောသူများ (ကြေးညို) နှင့် မိမိတို့ကိုယ်ကို ဘာမျှမဟုတ်သူအဖြစ် မှတ်ယူသူများသည် ရောယှက်နေသော၊ ရှုတ်ထွေးနေသော အခြေအနေ (ပန်းဆိုင်းဖော်သောအလုပ်နှင့် အကွက်ဖော်သောအလုပ်ဖြင့် ပြီးသောကွန်ရွက်များ) ၌ တာဝန်ကို အပြည့်အဝ ထမ်းဆောင်ရန် တတ်စွမ်းနိုင်ကြလိမ့်မည်၊ အကြောင်းမှာ သူတို့သည် မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်ဘဲ၊ ဘုရားသခင်၌ ယုံကြည်ခြင်း (နှင်းပွင့်) အားဖြင့် အသက်ရှင်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူတို့သည် အသက်၏ကြွယ်ဝခြင်းများကို အဆနှစ်ရာ (တလည်းသီးများ) ထင်ရှားစေကြသည် - ၁ဘုရင်၊၇း၁၅-၂၂။

B. တလည်းသီး အခုတစ်ရာစီမှ ကိုးဆယ့်ခြောက်ခုသည် လေဟာပြင်သို့ ဖော်ထားပြီး၊ လေးခုမှာမူ ဖုံးအုပ်ထားခြင်းခံရသည် - ယေ၊၅၂း၂၂-၂၃။

သင်တန်းကောက်နုတ်ချက်များ

1. အသက်၏ ကြွယ်ဝခြင်းများ ထင်ရှားခြင်းသည် ရှင်ပြန်ထမြောက်ခြင်း၏ လန်းဆန်းသစ်လွင်ခြင်း၌၊ ဝိညာဉ်တော်၌ ထာဝရဆိုင်ရာ ပြည့်စုံခြင်းရှိသည်။
2. တလည်းသီးအခုတစ်ရာစီမှ လေးခုကို ဝှက်ထားခြင်းမှာ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်း၊ ကျွန်ုပ်တို့၏ဇာတိအသက်နှင့် ကျွန်ုပ်တို့ကိုယ်တိုင်သည် ဖုံးကွယ်ခံရမည်ဖြစ်ကြောင်း ပုံဆောင်သည်။
3. ကျွန်ုပ်တို့၏ဇာတိဖြစ်ခြင်း ပျောက်ကွယ်သွားသောအခါ ကျွန်ုပ်တို့၌ တလည်းသီး ကိုးဆယ့်ခြောက်ခု ရှိကာ၊ ယင်းမှာ ဝိညာဉ်ဆိုင်ရာလေထု၏ စစ်မှန်ခြင်း၌ ခရစ်တော်၏အသက်ကြွယ်ဝစွာ ထင်ရှားခြင်း ရှိသည်။

## IV. သီချင်းတကာ့သီချင်းစာစောင်အရ တလည်းသီးများသည် ယုံကြည်သူတစ်ဦးချင်း၏ ခရစ်တော်နှင့် ချစ်ခြင်းမေတ္တာ မိတ်သဟာယဖွဲ့ခြင်း၏ တိုးတက်လာခြင်းအတွေ့အကြုံ၌ ဝိညာဉ်ရေးရာ ပုံဆောင်ချက် ရှိသည် - ၄း၃ခ၊ ၁၃က။ ၆း၇၊ ၁၁။ ၇း၁၂။ ၈း၂ခ။

A. "ဇာပဝါနောက်တွင်ရှိသော / သင်၏ပါးတို့သည် တလည်းသီးစိတ်နှင့် တူကြ၏" – ၄း၃ခ။ ၆း၇။
B. "ငါပြုစုသော ဥယျာဉ်ခြံသို့ ငါဆင်းသွား၏။ / ချိုင့်၏သစ်လွင်လန်းဆန်းမှုကို ကြည့်ရှုခြင်းငှာ၊ / စပျစ်နွယ်ပင် ဖူးပွင့်ခြင်း ရှိသည် မရှိသည်ကိုလည်းကောင်း၊ / တလည်းပင်ပွင့်သည် မပွင့်သည်ကို လည်းကောင်း ကြည့်ရှုခြင်းငှာ ဖြစ်သတည်း" – အငယ်၊၁၁။
C. "နံနက်စောစောထ၍ စပျစ်ဥယျာဉ်များသို့ သွားကြကုန်အံ့။ / စပျစ်နွယ်ပင်အဖူးထွက်သည် မထွက်သည်ကို လည်းကောင်း၊ / အပွင့်ပွင့်ခြင်းရှိသည် မရှိသည်ကိုလည်းကောင်း၊ / တလည်းပင် ပွင့်လန်းခြင်း ရှိသည် မရှိသည်ကို လည်းကောင်း ကြည့်ရှုကြကုန်အံ့။ / ထိုအရပ်၌ ကျွန်မ၏မေတ္တာကို ကိုယ်တော်၌ ပေးအပ်ပါမည်" - ၇း၁၂။
D. "ကျွန်မသည် ကျွန်မ၏တလည်းရည်မှ / ဆေးရောသော စပျစ်ရည်ကို ကိုယ်တော်အား သောက်စေတော်မူပါမည်" - ၈း၂ခ။
E. "သင်၏ပျိုးပင်တို့ကား တလည်းသီးခြံတစ်ခြံဖြစ်၍၊ / အကောင်းဆုံးသောအသီးကို သီးတတ်၏"- ၄း၁၃က။
   1. သူ၏ချစ်သူကို ခရစ်တော်မွေ့လျော်ဝမ်းမြောက်ခြင်း၌ သူမသည် အတွင်းအသက်၏ ခြားနားသော ထင်ရှားခြင်းများအဖြစ် အရောင်အမျိုးမျိုးရှိသော၊ ရင့်ကျက်သောအသက်တာ၏ ကြွယ်ဝသောထင်ရှားခြင်းအဖြစ် ရနံ့အမျိုးမျိုး မွှေးကြိုင်နေသော အပင်အမျိုးမျိုးကို ကြီးထွားစေသည့် ဝင်းကာထားသော ဥယျာဉ်ဖြစ်သည် - အငယ်၊၁၃-၁၄။
   2. ဤအရာသည် သခင်ဘုရားအဖို့ ချစ်သူ၏လုပ်မှု ဖြစ်လာသည်။ ခရစ်တော်၏ချစ်သူသည် ယခုတွင် အသက်၌ ကြွယ်ဝ၍၊ ခရစ်တော်၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ချိုမြိန်မွှေးကြိုင်သော ရနံ့အမျိုးမျိုးကို ပေးလျက်၊ လုပ်နှစ်လိုဖွယ်ကောင်းသော အရောင်များကို

ပြသလျက်၊ ကျေးမွေးရန်နှင့် သစ်လွင်လန်းဆန်းစေရန် အသီးများကို ထုတ်လုပ်ပေး နေသည်။

## V. ၂ပေတရု ၁း၃-၈ တွင် ဘုရားဆိုင်ရာ သဘောသဘာဝကို မွေ့လျော်ဝမ်းမြောက်ခြင်းမှတဆင့် အထူး မြတ်ဆုံးသော ကောင်းမြတ် ခြင်းများ တိုးတက်လာခြင်းကို မြင်ရသည်။

A. "အသက်နှင့် ဘုရားဝတ်၌ မွေ့လျော်ခြင်းသို့ ဆက်နွယ်သောအရာ ရှိသမျှ"တို့မှာ ကောင်းသော မြေ၏ ထုတ်ကုန်ကြွယ်ဝခြင်းများအားဖြင့် ပုံဆောင်ထားသည့် ဘုရားဆိုင်ရာအသက်၏ အမျိုး မျိုးသော သွင်ပြင်များဖြစ်သည် - အငယ်၊၃။

1. အသက်သည် အတွင်းပိုင်းဖြစ်ပြီး၊ ကျွန်ုပ်တို့ကို အသက်ရှင်ရန် တတ်စွမ်းစေကာ၊ ဘုရား ဝတ်မွေ့လျော်ခြင်းသည် အတွင်းပိုင်းအသက်၏ အပြင်ပိုင်းထင်ရှားခြင်းအဖြစ် အပြင်ပိုင်း ဖြစ်သည်။
2. အသက်သည် အတွင်းပိုင်း စွမ်းအင်၊ အတွင်းပိုင်း ခွန်အားဖြစ်ကာ၊ အပြင်ပိုင်း ဘုရားဝတ်၌ မွေ့လျော်ခြင်းကို မွေးဖွားပေးပြီး၊ ယင်းသည် ဘုန်းတော်သို့ ဦးဆောင်လျက်၊ ဘုန်းတော်ကို ထွက်ပေါ်လာစေသည်။

B. ယုံကြည်ခြင်းကို အသက်၏ အရာအားလုံးပါဝင်သောမျိုးစေ့အဖြစ် မှတ်ယူနိုင်ပြီး၊ ချစ်ခြင်း မေတ္တာကို ၎င်း၏အပြည့်အဝကြီးထွားခြင်းရှိသည့် အသီးအဖြစ် မှတ်ယူနိုင်သည် - အငယ်၊၃၊ ၈။

C. နောက်ဆုံးတွင် ယုံကြည်ခြင်း၏မျိုးစေ့မှ အသက်၌ အပြည့်အဝ တိုးတက်ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းသို့တိုင်၊ ကောင်းမြတ်ခြင်းနှင့် အသိပညာ၏ အမြစ်များ၊ မိမိကိုယ်ကို ထိန်းချုပ် ခြင်း ပင်စည်နှင့် သည်းခံခြင်းနှင့် ဘုရားဝတ်မွေ့လျော်ခြင်း၏ အကိုင်းအခက်များတို့မှတဆင့် ညီအစ်ကိုချင်းချစ်ခြင်းမေတ္တာနှင့် ချစ်ခြင်း၏အပွင့်နှင့် အသီးသို့တိုင် ရောက်ရှိလာကြမည် ဖြစ် သည် - အငယ်၊၅-၈။